

တအုပ်တိုက်

# ဆရာတစ်ယောက်အကြောင်း

## ERROR (စည်သူ)

ဒုတိယအကြိမ်

designed by tin htoon

# အခန်း (၁)

"ဆရာ ရေအရမ်းဆာတယ် ရေသိပ်သောက်ချင်တယ်"

ကျောင်းသားကျောင်းသူများမှ ကျွန်တော့်ကို အံ့ဩသလို ကြည့်ကြတယ်။ ယောကျ်ားလေး အတန်းခေါင်းဆောင်က ...

"အခန်းထဲက ရေဘူးမှာ ရေကုန်နေလို့ လား ဆရာ"

"အခန်းထဲမှာ ရေမရှိဘူးလေ"

"ရှိပါတယ် ဆရာကလည်း "

"မရှိဘူးလို့ သဘောထားကွာ ဆရာ ရေသိပ်ဆာတယ်"

"သမီးမှာ ရေဘူးပါတယ် ဆရာ"

"သမီးလည်း ရေဘူးမပါခဲ့ဘူးလို့ သဘောထား ဆရာရေဆာတယ်"

အတွေးအခေါ်ခပ်ဆန်းဆန်းနဲ့ သင်တတ်တဲ့ ဆရာမို့ ကျွန်တော် ဘာလုပ်မလဲလို့ တပည့်များ စိတ်ဝင်စားနေပုံရသည် ။

"အကယ်၍ များ ရေမရှိတဲ့ အချိန်မှာ ရေဆာတဲ့ ဝေဒနာဟာ သေးသေးမွှားမွှားလား အကြီးကြီးလား တပည့်တို့ "

"ကြီးပါတယ် ဆရာ"

"အဲဒီတန်ဖိုးကြီး အရေးကြီးတဲ့ ရေဟာ ဆရာတို့ ဆီမှာ သိပ်လွယ်လွ

ယ်ကူကူရနေတော့ တန်ဖိုးက သတိမထားမိလောက်အောင်ပဲ။ သားတို့ သမီးတို့ ထဲမှာ ဘယ်သူပြင်းပြင်းပြပြ ရေဆာဖူးလဲ။ ရေမသောက်ရလို့ ဘယ်သူသေလုမျောပါး အားပြတ်ဖူးလဲ"

တပည့်များ တိတ်ဆိတ်နေကြသည် ။

"အေး ... ရေဆိုတာ ပေါများ တဲ့ နေရာမှာ ပေါများ သလောက် ရှားပါးတဲ့ နေရာမှာ သိပ်ရှားပါးတယ်။ ပေါများ တဲ့ အချိန်မှာ ပေါများ သလောက်ရှားပါးတဲ့ အချိန်မှာ သိပ်ရှားပါးပြန်တယ်။ အခု ရှစ်တန်းအရွယ်မှာ သားတို့ သမီးတို့ ကြုံနေရတဲ့ ဒုက္ခတွေ၊ ဘဝအမောတွေဟာ သေးသေးလေးတွေတကယ့် ဒုက္ခအစစ်ဆိုတာကို သားတို့ မမြင်နိုင်သေးဘူး။ ဆရာတို့ ကပြောပြပြန်ရင်လည်း သားတို့ အလေးအနက်မထားချင်ဘူး။ အခု ရေလိုမျိုးပေ့ါ။

သိပ်တန်ဖိုးရှိမှန်းသိတာတောင် ပေါများ နေတော့ တန်ဖိုးထားဖို့ မေ့လျော့နေတယ်။ တပည့်တို့ ကို ဆရာ ပုံပြင်တစ်ပုဒ် ပြောပြမယ်။ တစ်ခါ ကကုန်သည် လူတစ်စုထံ အလင်းတန်းကြီးတစ်ခုကျ လာပြီး စကားတွေ ပြောတယ်"

"သင်တို့ ရှေ့မှာ ရှိတဲ့ ကျောက်စရစ်ခဲတွေကို နိုင်သလောက်ယူပါ။ မနက်ရောက်တဲ့ အခါ ဝမ်းသာရလိမ့်မယ်၊ နောက်ပြီး ဝမ်းနည်းရလိမ့်မယ်" တဲ့ ။ ကုန်ဝန်စည်တွေနဲ့ မို့ ကျောက်စရစ်ခဲတွေကို ကောက်ဖို့ စိတ်မပါကြဘူး။ ကောင်းကင်ဘုံက အလင်းတန်းဆိုတော့လည်း နည်းနည်းယုံချင်သလိုလိုပေ့ါ။ အဲဒါနဲ့ တစ်ယောက်ကို တစ်ခါနှစ်ခါလောက် ကောက်ပြီး ခရီးဆက်ကြတယ်။ မနက်လည်း လင်းရော သူတို့ ကောက်လာတဲ့ ကျောက်ခဲတွေဟာ စိန်တုံးတွေဖြစ်နေတာမို့ ဝမ်းသာကြတယ်။

ဒါပေမဲ့ နိုင်သလောက် မကောက်ခဲ့မိလေခြင်းဆိုပြီး ဝမ်းနည်းကြတ

ယ်လေ။ ညတုန်းကတော့ အလင်းရောင် မှိန်ခဲ့လို့ ဒါကို ကျောက်ခဲလို့ ပဲ ထင်ခဲ့ကြတယ်။ အလင်းရတဲ့ အခါမှာ စိန်တုံးမှန်းသိပေမယ့် ကောက်ယူဖို့ အခွင့်အရေးတွေဟာ ညမှာ ကျန်ရစ်ခဲ့ပြီ"

ကျွန်တော်စကားစ ခဏဖြတ်ရင်း ရေသွားသောက်သည် ။

"အား ... ရေသာ မရှိရင် ဆရာဆက်သင်ဖို့ မဆင်မပြေလောက်တော့ဘူး။ ကဲ ... ဒီပုံပြင်က ဘာကိုဆိုလိုသလဲ သိလား။ သားတို့ သမီးတို့ မှာ စိန်လိုတန်ဖိုးရှိတဲ့ အချိန်တွေရှိတယ်။ အဲဒီအချိန်တွေကို ဘယ်လိုသယ်မလဲ ဘယ်လောက် သယ်မလဲ။

စိန်တွေအများကြီးသယ်ရင် တန်ဖိုးတော့ရှိမယ်၊ ဒါပေမဲ့ လေးလံသွားမယ်။ လုံးဝမသယ်ဘူးဆိုရင် ပေါ့တော့ ပေါ့ပါးမယ်၊ ဒါပေမဲ့ တန်ဖိုးမရှိတော့ဘူး။ ဒီတော့ နိုင်သလောက် သယ်ရမယ်။ တစ်ခုတော့ သိရမယ်။ ဒါဟာ ကျောက်စရစ်ခဲတွေ မဟုတ်ဘူး ၊ ဒါဟာ စိန်တွေဖြစ်တယ်၊ တန်ဖိုးလည်း ရှိတယ်။

ဒါပေမဲ့ ဒါဟာ စိန်တွေဖြစ်ကြောင်းကို သားတို့ မယုံဘူးမဟုတ်လား။ ဘယ်ယုံမလဲ သားတို့ ဉာဏ်ဟာ ညလို မှောင်မိုက်နေသေးတယ်။ ကျောက်ခဲလား၊ စိန်လား မကွဲပြားသေးဘူး။ အေး ... ဆရာ့တုန်းကလည်း မယုံခဲ့ဘူး၊ မယုံလို့ လည်း အလင်းတန်းကြီးလို ဆရာတွေ၊ မိဘတွေရဲ့ အကြံပြုစကားကို နည်းနည်းပဲ ယုံခဲ့တယ်။ နည်းနည်းပဲ လိုက်နာခဲ့တယ် ။ အခု ဆရာ့လက်ရှိအချိန် "မနက်ခင်း"´ မှာ "သားတို့ အရွယ်" ညတုန်းက ကျန်ခဲ့တဲ့ စိန်တုံးတွေကို သိပ်နှမြောမိတာပဲ။ ဆရာ မကောက်ဖြစ်ခဲ့ဘူး။ မကောက်ခဲ့မိဘူး အခု ဆရာ ဘာကို ရရှိနေလဲ တပည့်တို့ သိလား"

တပည့်များက ပြန်မဖြေ။

"ဆရာ မေးတာလေး ဖြေပေးပါ။ သိရင်သိတယ် မသိရင်မသိဘူးဖြေ

ပေးပါ။ ဆရာ အခု ဘာကို လက်ခံရရှိနေလဲသိလား"

"မသိဘူး ဆရာ"

"အေး ... ဆရာရနေတာကတော့ နောင်တပဲ။ တပည့်တို့ ရော ဆရာ လို နောင်တရချင်လား၊ စိန်တုံးရချင်လား"

"စိန်တုံးရချင်ပါတယ် ဆရာ"

တပည့်များက သံပြိုင်ကြသည် ။

"ဒါဆို တစ်နည်းပဲ ရှိတယ်။ အဲဒီစိန်တုံးတွေကို ကောက်ရမယ်။ နိုင်သလောက် ကောက်ရမယ်။ ဒါပေမဲ့ မလေးလံစေနဲ့ ၊ ဘယ်လို ကောက်ရမလဲဆိုတာ ဆရာ ပြောပြမယ်"

"ဟုတ်"

"အကယ်၍ ဆရာသာ လက်ရှိဉာဏ်ရည်နဲ့ ၈ တန်းကျောင်းသားဘဝကို ရောက်နေမယ်ဆိုရင် ဆရာ့ တစ်နေ့စာအချိန်ဇယားက တပည့်တို့ နဲ့ ကွဲပြားနေမှာ ။ သားတို့ ထဲမှာ သင်တဲ့ စာကို အကုန်မကူးပဲ။ အနှစ်ချုပ်ပြီး မှတ်စုထုတ်ရေးတဲ့ သူ ရှိလား"

တပည့်များ တိတ်နေကြပြန်သည် ။

"စာအုပ်ထဲက စာတွေကို ဒီအတိုင်း ကူးနေကြတုန်းပဲလား"

"ဟုတ်"

"ပုံနှိပ်စာအုပ်ထဲမှာ ရှိတဲ့ စာက ကူးဖို့ မဟုတ်ဘူး ၊ ကိုယ်အားသန်သလို ထုတ်နှုတ်မှတ်သားဖို့ ပဲ။ တပည့်တို့ အရွယ်က စာတွေကူးပြီး လက်ရေးကျင့်ရမယ့်အရွယ် မဟုတ်တော့ဘူး။ အချိန်ဖြုန်းရမယ့်အရွယ် မဟုတ်တော့ဘူး။ တပည့်တို့ ထဲမှာ ငါ အရွယ်ရောက်ရင် ဘာအလုပ်လုပ်မ

ယ်လို့ တိတိကျကျ ဆုံးဖြတ်ထားသူပါလား။ ကဲ… ဆရာ တစ်ယောက်ချင်းစီကို မေးမယ်၊ စိတ်ထဲရှိတဲ့ အတိုင်း ရဲရဲရင့်ရင့်။ သမီး သန္တာအောင် သမီးရဲ့ ရည်မှန်းချက် အလုပ်အကိုင်က ဘာလဲ"

"ဆရာဝန်ပါ ဆရာ"

"ဒါဆို ဆရာ မေးခွန်းနည်းနည်း မေးမယ်၊ သမီး တိုက်ဖိုက်ရောဂါကို သိလား၊ မြန်မာလို ဘာရောဂါလဲ"

"အူရောင်ငန်းဖျားပါ ဆရာ"

"အဲ … သမီး သွေးပေါင်ချိန်တတ်လား"

"ချိန်တော့ မချိန်တတ်သေးဘူးဆရာ၊ သဘောတရားတော့ နားလည်တယ်"

"ဟိုက်ရှားပါး … ဆရာ့ကို ပြောပြပါဦး"

"လူ့ခန္ဓာကိုယ်မှာ သွေးခုန်နှုန်းတစ်ခု ရှိတယ်၊ အဲဒါကို ဘယ်လောက်လဲ သိချင်ရင် အဲဒီထက်များ တဲ့ ဖိအားနဲ့ သွေးခုန်နှုန်းစမ်းမယ့်နေရာကိုညှစ်တယ်။ ညှစ်အားသိပ်များ ရင် သွေးခုန်နှုန်းကို မကြားရဘူး။ အဲဒီညှစ်အားကို ဖြည်းဖြည်းချင်းပြန်လျှော့ချပြီး သွေးခုန်နှုန်းကို နားကြပ်နဲ့ နားထောင်တယ်။ သွေးဖိအားနဲ့ စက်ဖိအားမညီရင် မကြားရဘူး။ ပုံမှန်အားဖြင့် စက်ကို ၂၀၀လောက်တင်ပြီး ပြန်လျှော့ချရင် ၁၂၀ လောက် အရောက်မှာ သွေးခုန်နေတာကို စကြားရတယ်။ ၇၀ လောက်အရောက်မှ မကြားရတော့ဘူး။ စကြားရတဲ့ နေရာကို အပေါ်သွေးလို့ ခေါ်ပြီး နောက်ဆုံးရတဲ့ နေရာကို အောက်သွေးလို့ ခေါ်တယ် ဆရာ။ ဆေးစစ်စာရွက်တွေမှာ တော့ Bp ၁၂၀/၇၀လို့ ရေးတယ်။ ဒါကတော့ normal blood pressure ပေါ့"

"Wow ကြိုက်တယ်သမီး... တကယ် သဘောကျတယ်၊ ကိုယ့်ဝါသနာနောက် ကိုယ်လိုက်ဖို့ လက်ရှိပညာရေးရဲ့ သင်ခန်းစာတွေက မလုံလောက်ဘူး။ ကိုယ်ဝါသနာပါရာ ပညာရပ်အတွက် ကိုယ်ကိုယ်တိုင် လေ့လာနေရမယ်၊ မေးမြန်းစူးစမ်းနေရမယ်။ ကိုယ့်ရဲ့ တွေ့ရှိမှုတွေကို မှတ်တမ်းတင်ထားရမယ်၊ ထိုင်လို့ ရပြီ သမီး"

"သား အောင်လင်း ထပါဦး၊ သားရဲ့ ဝါသနာကို ပြောပါဦး"

တပည့်ဖြစ်သူ အောင်လင်း မျက်နှာက ပြောဖို့ မဝံ့မရဲ ...

"သား ရဲရဲပြော"

"သားက ဂီတသမားဖြစ်ချင်တာ။ သီချင်းဆိုချင်တယ်၊ ဂီတာတီးချင်တယ်၊ သီချင်းရေးချင်တယ်"

ကျွန်တော် ချွေးတွေတောင်ပြန်လာသည် အထိ ကျေနပ်အားရမိသည် ။

"သားက ဘာလို့ ရဲရဲမပြောတာလဲ သားရဲ့ "

"အိမ်မှာ အဖေ့ကိုပြောရင် အဖေက မင်း ခွေးဖြစ်မယ့်ကောင်လို့ အမြဲပြောတယ်။ နောက်ပြီး ဆရာတွေက ဘွဲ့ရပညာတတ်ကြီး ဖြစ်စေချင်ကြတာဆိုတော့ သား မပြောရဲဘူးလေ"

တပည့်လေးကို အနူးညွှတ်ဆုံး ပြုံးပြပြီး ...

"လူဆိုတာ ကိုယ်ဝါသနာပါရာ အလုပ်အကိုင်ကို လွတ်လပ်စွာ လုပ်ကိုင်ဖို့ အခွင့်အရေးရှိတယ်သား။ တစ်ခုပဲလိုတာ ... အဲဒီဝါသနာပါရာ အလုပ်အကိုင်ကို လုပ်ကိုင်နိုင်မယ့် အစွမ်းအစပဲ။ ကဲ... ဒီတော့ သားတကယ်ဝါသနာပါလား မပါလား ဆရာ စမ်းသပ်ကြည့်မယ်။ ဆရာ့ကို သီချင်းတစ်ပုဒ် ဆိုပြ"

အတန်းထဲမှ အတန်းဖော်များကို လှမ်းကြည့်ပြီး...

"သား မဆိုရဲဘူး ဆရာ"

"သားကိုယ်သား ယုံကြည်ချက် အဲ့လောက်နည်းနေရင် သား အောင်မြင်ဖို့ ခက်ခဲလိမ့်မယ်"

"နောက်ပြီး သားက စည်းလွတ်ဝါးလွတ် မဆိုချင်ဘူးလေ။ ဂီတာ လေးနဲ့ မှ ..."

တပည့်လေး စကားမဆုံးခင်မှာ ပဲ ...

"Ok ခဏစောင့်၊ ကျောင်းစောင့်ဆီမှာ ဆရာ ဂီတာ သွားယူလိုက်ဦးမယ်"

ကျွန်တော် ခပ်သွက်သွက် သွားယူပြီး ပြန်တက်လာသည် ။

"ဘာသီချင်းဆိုမလဲ သား"

"မင်းနဲ့ မှ ချစ်တတ်ပြီပေါ့"

"ဟား အတန်းထဲက ဘယ်သူ့ကို ရည်ရွယ်ပြီးဆိုမှာ လဲ"

အတန်းသားများက ရယ်ကြပြီး အောင်လင်းက ရှက်ကိုးရှက်ကန်း ဖြစ်သွားသည် ။

"ဒီတိုင်းပဲ ကြိုက်လို့ ဆိုတာပါဆရာ"

"သားဘာသာ တီးမလား ဆရာ တီးပေးရမလား"

"ဆရာ တီးပေးပါ"

"သားရော တီးတတ်လား"

"တီးတတ်တယ် ဆရာ"

"အဲဒါဆို သားပဲတီးပါ၊ အတိုင်အဖောက်မညီရင် သားရဲ့ ပထမခြေလှမ်းက ဖရိုဖရဲ ဖြစ်သွားလိမ့်မယ်"

အောင်လင်း ဂီတာသံ မှန်သော်လည်း ပထမဆုံး အဝင်အပိုဒ်မှာ အသံက ယိုင်နေသည် ။ သို့သော် အတန်းသားများက ငြိမ်သက်ကြည်နူးစွာ နားထောင်ပေးကြသည် ကိုမြင်ပြီး အားတက်သွားကာ အမြင့်သံတွေကို ပါကောင်းအောင် ဆိုနိုင်သည် ။

သီချင်းအပြီးမှာ ကျွန်တော်ကစပြီး လက်ခုပ်ကို အားရပါးရ တီးပေးလိုက်ရာ အတန်းသားများကပါ လက်ခုပ်ဝိုင်းတီးကြသည် ။ အောင်လင်းကတော့ ပီတိပြုံးတွေဝေလို့ မျက်ရည်တွေပါ ဝဲနေသည် ။ ကျွန်တော့်ကို ပြုံးပြတော့ အဲဒီအပြုံးထဲက စကားလုံးကို ကျွန်တော် ဖတ်မိသွားပြန်ရဲ့ ။ "ကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်တော် အင်အားတွေ သိပ်ရှိသွားပြီ" လို့ ပြောနေလေသလား။

"တပည့် ... တပည့်ကို ဆရာ တစ်ခုတော့ သတိပေးမယ်။ ကာယချည်း သက်သက်လုပ်တော့ ကာယလုပ်သားတဲ့ ၊ ကာယနဲ့ ဉာဏတွဲလုပ်တော့ပညာရှင်တဲ့ ။ ကာယ ဉာဏအပြင် နှလုံးသားကိုပါ ထည့်လုပ်တဲ့ သူကို အနုပညာသမားလို့ ခေါ်တယ်။

သီချင်းရေးချင်တယ်လို့ သား ပြောခဲ့တယ်နော်။ သီချင်းရေးဖို့ ဆိုတာ စာပေဝမ်းစာပြည့်ဖို့ သိပ်လိုတယ်။ ဒါကြောင့် သုတစာတွေ ဖတ်ရမယ်။ သီချင်းရေးဖို့ ဆိုရင် ခံစားတတ်ဖို့ သိပ်လိုတယ်။ ဒါကြောင့်လည်း ရသစာတွေဖတ်ရမယ်။ နောက်ပြီး ဒီလမ်းကို ဆုံးအောင်လျှောက်ဖို့ ခွန်အားတွေ သည်းခံနိုင်စွမ်းတွေ လိုပြန်တယ်။

ဒါကြောင့် နှလုံးသားအာဟာရဖြစ်မယ့်စာတွေလည်း ဖတ်ရလိမ့်မယ်။ သားရွေးချယ်တဲ့ လမ်းကြောင်းအရ တက္ကသိုလ်ဘွဲ့ရတစ်ယောက်

ဖြစ်ချင်မှ လည်း ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ပညာသင်ကြားခြင်းဟာ ပညာရှင်ဖြစ်ဖို့ ထက် ပညာရှိဖြစ်ဖို့ ကို ဦးစားပေးတယ်။ သားရဲ့ အလုပ်အတွက် သားပညာတတ်ရမယ်။ သား ပတ်ဝန်းကျင်မှာ ရပ်တည်ရှင်သန်ဖို့ နေထိုင်မှုပညာတွေ၊ ကိုယ့်မျိုးဆက်သစ်တွေကို ဆုံးမဖို့ သင်ကြားမှုပညာတွေ အတွက် သားပညာရှိ ဖြစ်ရမယ်။

လူတွေက ပညာရှိဆိုတဲ့ စကားကို အကြီးကြီးထင်ကြတာ။ တကယ် ကမီးဖိုချောင်ဝင်နေတဲ့ အိမ်ရှင်မဟာလည်း ကိုယ့်သားသမီး သွန်သင်ဖို့၊ ကိုယ့်လင်သားကို ထိန်းကြောင်းဖို့ ပညာရှိဖြစ်ဖို့ လိုတယ်လေ"

ကျွန်တော် စကားပြောနေစဉ်မှာ အတန်းချုပ်ဆရာမ ရောက် လာပြီး ...

"ဆရာ ဆရာ့အခန်းမှာ ဂီတာတီးပြီး သီချင်းဆိုနေလို့ ကျောင်းအုပ်ကြီး ခေါ်နေတယ်"

"ဟုတ်ကဲ့ ဆရာမ၊ ကျွန်တော့်စာသင်ချိန်ပြီးရင် လာခဲ့ပါမယ်"

အတန်းချုပ်ဆရာမ ပြန်ထွက်သွားတော့ ...

"ကဲ ... တပည့်တို့ ဆရာနောက်အချိန်မှ ဆက်ဆွေးနွေးမယ်၊ တပည့်တို့ မှာ ရှိနေတာ စိန်တုံးတွေနော်၊ ကျောက်စရစ်ခဲလို့ မထင်နဲ့ ။ နောက်တစ်ခုက ကိုယ်ဘာဝါသနာပါတယ် ဆိုတာကို ကိုယ်သိအောင် လုပ်ဖို့ လိုတယ်။ ကဲမင်္ဂလာပါ တပည့်တို့ "

"မင်္ဂလာပါ ဆရာ"

ကျောင်းအုပ်ကြီး ရုံးခန်းဘက်သို့ ခြေလှမ်းတွေပြင်ရင်း တပည့်တွေကို တကယ်တော်စေချင်၊ တတ်စေချင်တဲ့ ဆရာတစ်ယောက်ရဲ့ သင်ကြားမှု လွတ်လပ်ခွင့်အကြောင်းကို ခေါင်းထဲတွေးနေမိတော့သည် ။

***

# အခန်း (၂)

"ဆရာ့ကို ကျွန်တော် ဘာလို့ ခေါ်ရလဲ ဆရာ သိတယ်မဟုတ်လား"

"သိပါတယ် ကျောင်းအုပ်ကြီး"

"ကျွန်တော် ကျောင်းအုပ်တာဝန် ထမ်းဆောင်နေတယ်။ ကျောင်းမှာ ဆရာ၊ ဆရာမတွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေလည်း ချမှတ်ပေးထားတယ်။ ဒီ rule and regulation တွေကို ဆရာအနေနဲ့ ဖောက်ဖျက်ခွင့်မရှိဘူး။ အထူးသဖြင့် အခန်းထဲမှာ ဂီတာတီးပြီး သီချင်းဆိုတာကျတော့ သိပ်လွန်သွားပြီ"

"ကျောင်းအုပ်ကြီး စကားတစ်ခွန်းလောက် ပြတ်ပြတ်သားသား ပြောပေးပါ။ ကျွန်တော်တို့ စာသင်တဲ့ ဆရာတွေက rule and regulation ဆိုတဲ့ စံထဲဝင်အောင် နေရမှာ လား၊ ကျောင်းသားကို စာတတ်မြောက်အောင် သင်ရမှာ လား"

ကျောင်းအုပ်ကြီး မျက်နှာရဲသွားသည် ။

"ဒီမှာ မောင်ရင်၊ မောင်ရင်က အလယ်တန်းပြ အဆင့်နော်။ အထက်တန်း ကျောင်းအုပ်တစ်ယောက်နဲ့ စကားပြောနေတယ်ဆိုတာ သတိထားပါ"

"ဟုတ်ကဲ့ပါ ကျောင်းအုပ်ကြီး၊ အထက်အောက် ရိုသေမှုဆိုတာ အောက်ကပဲ အထက်ကို ရိုသေရတာ မဟုတ်ဘူး ၊ အပြန်အလှန် ရိုသေရတာ။

ကျွန်တော်က ကျောင်းအုပ်ကြီးကို ဂါရဝထားရင် ကျောင်းအုပ်ကြီးကလည်း ကျွန်တော့်ကို နိဝါတထားပေးပါ။

အလယ်တန်းအဆင့်ဆိုလို့ ကျွန်တော် ပြောရဦးမယ်။ ဖြစ်နိုင်ရင် ကျွန်တော်က မူလတန်းပြတောင် ဖြစ်ချင်တာ။ ကျွန်တော့်မှာ အဲဒီလောက် အရည်အချင်းမရှိလို့ ။ မူလတန်းအရွယ် ကျောင်းသားတစ်ယောက်ကို စာတတ်အောင် ဘယ်လို သွန်သင်ရမလဲဆိုတာ ကျွန်တော် မကျွမ်းကျင်လို့ ။ နောက်တစ်ခုက ကျောင်းအုပ်ကြီးဘက်မှာ မှန်ကန်တဲ့ အကြောင်းပြချက်တွေရှိရင် ရာထူးတွေ ခဏမေ့ပေးထားပါ။ ကျွန်တော့် ဉာဏ်ပညာချင်းပဲ ဆွေးနွေးပါရစေ ဒါ တောင်းဆိုတာပါ"

"Sorry ကွာ ကိုယ် စိတ်နည်းနည်းလွတ်သွားတယ်၊ ကိုယ်နဲ့ ညီနဲ့ပဲပြောမယ်ကွာ၊ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် အစ်ကို"

"ဟုတ်ပြီ၊ ငါ့ညီ ဘာကြောင့် အခန်းထဲမှာ ဂီတာတီးခိုင်းသလဲဆိုတာ reason ပေးနိုင်မလား"

"ဟုတ်ကဲ့ ပေးနိုင်ပါတယ်။ အခြေခံပညာကျောင်းတွေရဲ့ ရည်ရွယ်ချက်ဟာ ကျောင်းသားတွေကို ဆရာဝန်ဖြစ်ဖို့ ၊ အင်ဂျင်နီယာဖြစ်ဖို့ ဆိုပြီး မရည်ရွယ်ပါဘူး။ ကျောင်းသားက ဘာဖြစ်ချင်တာလဲ၊ ဖြစ်ချင်တဲ့ ဘဝကိုအကောင်းဆုံး လျှောက်လှမ်းနိုင်အောင် ပံ့ပိုးပေးရမှာ အခြေခံပညာကျောင်းတွေရဲ့ တာဝန်ပါ ။

အားကစားသမား ဖြစ်ချင်တာလား၊ အနုပညာသမားတစ်ယောက်ဖြစ်ချင်သလား ကျွန်တော်တို့ အတတ်နိုင်ဆုံး ပံ့ပိုးပေးနိုင်ရမယ်။ အခုဂီတာတီးတဲ့ ကလေးက ဂီတဘက်ကို ဝါသနာပါတယ်။ သူ တကယ်ဝါသနာပါတာ ဟုတ်ရဲ့ လား ကျွန်တော် စူးစမ်းရမယ်။ တကယ် ဝါသနာပါခဲ့

ရင်ဘာအခက်အခဲတွေကြုံနေလဲ ကျွန်တော် မေးမြန်းရမယ်။ အဲဒီအခက်အခဲကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ ကျွန်တော် အကြံပြုရမယ်။ ဒါကြောင့် အချိန်အခါ ကိုက်တုန်းမှာ သူ့ဝါသနာ၊ အဲဒီဝါသနာပေါ်မှာ သူ့အရည်အချင်း ဘယ်လောက်ရှိလဲ၊ စမ်းတဝါးဝါး ဝါသနာလား ခိုင်မာပြတ်သားတဲ့ ဝါသနာလားဆိုတာ ကျွန်တော် သိဖို့ ကြိုးစားတယ်။ ဒါမှ ကျွန်တော် သူ့ကို (သဒ္ဓါ) ခွန်အားတွေ ပေးလို့ ရမယ်၊ (ပညာ) အကြံဉာဏ်တွေ ပေးလို့ ရမယ်"

"စည်းမျဉ်းစည်းကမ်းဘောင်ကျော်မှုကို ဘယ်လိုဖြေရှင်းချက်ပေးမလဲ ငါ့ညီ"

"ဆရာတစ်ယောက်ရဲ့ သင်ကြားနိုင်စွမ်းကို အစ်ကိုဘယ်လောက်အထိသတ်မှတ်ထားလဲ၊ ဆရာတစ်ယောက်ရဲ့ တာဝန်က အတော်အတန်ကျယ်ဝန်းရင်ဆရာတစ်ယောက်ရဲ့ ဝတ္တရားဟာ အတိုင်းအဆမဲ့ ကျယ်ဝန်းတယ် အစ်ကို။ ကျွန်တော် တကယ် တပည့်တွေအတွက် ပေးဆပ်မယ်ဆိုရင် ၂၄ နာရီတောင် မလောက်ဘူး။ ဒီတော့ မြန်မာနိုင်ငံအတွင်းက မည်သည့်ကျောင်းသား တပည့်အတွက်မဆို ကျွန်တော် ပေးလို့ ရသလောက် ပေးမယ်။ ဒီရည်ရွယ်ချက်နဲ့ ဆရာလာလုပ်တာ။

ဆရာဆိုတဲ့ အလုပ်ကို ကျွန်တော် စမ်းတဝါးဝါးလာလုပ်တာ မဟုတ်ဘူး ။ အကယ်၍ များ ကျွန်တော့်ကို အထက်တန်းသင်ခိုင်းရင်တောင် ကျွန်တော်က ငြင်းမှာ ။ ကျွန်တော် လေ့လာထားတဲ့ အရည်အချင်းအရ အလယ်တန်းကိုသင်ဖို့ ပိုအားသန်တယ်။ အခု ကျွန်တော့်သင်ကြားမှုက စည်းမျဉ်းစည်းကမ်းကိုဖောက်ဖျက်တာ မဟုတ်ဘူး ၊ အစ်ကိုတို့ သတ်မှတ်ထားတဲ့ ရေကန်လေးက ကျွန်တော့်ကူးခပ်နိုင်စွမ်းလောက် မကျယ်ဝန်းတာ။ ကျွန်တော် ဆရာလုပ်တဲ့ ရည်ရွယ်ချက်က တပည့်တွေရဲ့ မျက်နှာ

ကို ကြည့်ဖို့ ပါ အစ်ကို"

"ညီ့ သင်ကြားနည်းက အဆင်ပြေပ့ါ မလား"

"အစ်ကိုက ဗဟိုကချမှတ်ထားတဲ့ သင်ကြားနည်းက အကောင်းဆုံး ထင်နေတာလား။ အတန်းထဲမှာ ကျောင်းသား ၃၀ ရှိရင် အမျိုးအစား ၃ ဝကွဲတယ်။ မြန်မာနိုင်ငံအတိုင်းအတာနဲ့ ကျောင်းသားသိန်းတောင်မက ဘဲ သန်းကျော် ရှိတယ်။ ဒီလောက် လူအမျိုးအစား အမျိုးမျိုးအတွက် တ စ်ခုတည်းသောဗဟိုသင်ကြားမှုစနစ်က အံဝင်ပ့ါမလား။

ကိုယ့်တပည့် ကိုယ့်ကျောင်းသား ဘယ်လို အခြေအနေရှိတယ်ဆို တာကို တကယ်သင်နေတဲ့ ဆရာထက် ဘယ်သူက ပိုသိမှာ လဲ။ ဒါကြော င့် တကယ်သင်နေရတဲ့ ဆရာအတွက် သင်ကြားမှုလွတ်လပ်ခွင့်လိုတယ် အစ်ကို"

"ညီရဲ့ သင်ကြားမှုစနစ်က ဘယ်လိုလဲ"

"အဌမတန်းဆိုတဲ့ အတန်းပညာဟာ အထက်တန်းကိုကူးဖို့ နောက် ဆုံးpoint ဖြစ်သလို ၁၃ ၁၄ ဆိုတဲ့ အသက်အရွယ်ဟာ လူပျိုဖော်ဝင်စ အ ပျိုဖော်ဝင်စ အသက်အရွယ်၊ ၉ တန်း ၁၀ တန်းပြီးသွားရင် ဒီလူငယ် လေးတွေကို လွတ်လပ် လူ့အဖွဲ့အစည်းထဲ စေလွှတ်ရတော့မယ်။ တက္က သိုလ်ဟာသိပ္ပံဆိုတဲ့ အတတ်ပညာကိုသာ အထူးပြု သင်ကြားတယ်ဆိုရ င် ဒီအခြေခံအဆင့် ကျောင်းတွေဟာ ဝိဇ္ဇာသိပ္ပံ လူ့ကိစ္စဆိုတဲ့ အသိပညာ အတတ်ပညာနှစ်ခုလုံးကို အစပြုပေးရလိမ့်မယ်။ ဒါကြောင့် ကျွန်တော့် စာသင်နည်းဟာကျွန်တော်သင်ကြားနေတဲ့ အထူးပြုဘာသာ သမိုင်းအပြင် သူတို့ တိုးဝင်ရမယ့် လူမှုရေးနယ်ပယ်အတွက်လည်း ကျွန် တော် သင်ပေးဖို့ ဝတ္တရားရှိတယ်။ ဒါကြောင့် ဆရာတစ်ယောက်ရဲ့ ဝတ္တ ရားဟာ အဆုံးအဆမဲ့တယ်လို့ ကျွန်တော်ကပြောတာ"

"သင်ရိုးပြတ်ဖို့ အချိန်လောက်ရဲ့ လား"

"အစ်ကိုရယ် သမိုင်းစာအုပ်က ဘယ်လောက်ထူလို့ လဲ။ ၈ လစာသင်ရိုးဟာ ထိုင်ဖတ်ရင် တစ်ရက်နဲ့ ပြီးတယ်။ သမိုင်းဆိုတာ ဖတ်ဖို့ မှတ်ဖို့ ပါ၊ ကျက်ဖို့ မဟုတ်ဘူး ။ သမိုင်းဘာသာကို တာဝန်ကြီးတစ်ရပ်လို တပည့်တွေကို ဝန်မပိစေချင်ဘူး၊ ဖျော်ဖြေမှုတစ်ခုလို ကျွန်တော်က တင်ဆက်မှာ ။ သမိုင်းသင်ရင် သူတို့ ပျော်နေရမယ်၊ ကျွန်တော် ဝင်လာရင် သူတို့ ပျော်နေရမယ်၊ ဒါ ကျွန်တော့် သင်ကြားနည်းစနစ်ပဲ"

"ဆရာမတစ်ယောက်က လာပြောတယ်၊ ကိုယ်မရှိတဲ့ နေ့လောက်က ဖြစ်မယ်၊ ညီ ကျောင်းသားတွေကို စာသင်ခန်းအပြင်ခေါ်ထုတ်ပြီး စာသင်တယ်ဆို"

"ဟုတ်တယ်အစ်ကို၊ အစ်ကို သတိထားမိလားမသိဘူး၊ ကျွန်တော်တို့ စာအုပ်သိပ်ထူရင် အထင်ကြီးစိတ်ဖြစ်တယ်၊ ရှိန်တယ်။ အဆောက်အဦ သိပ်ခမ်းနားရင် ရှိန်တယ်။ အခုဆို အင်ဂျင်နီယာတက္ကသိုလ်တွေရဲ့ အဆောက်အဦပုံစံက တော်တော် ခမ်းနားတယ်။

ဒါပေမဲ့ စာအုပ်ဘယ်လောက်ထူထူ တကယ်ဖတ်နေရတာက စာမျက်နှာတစ်ခုရဲ့ စာကြောင်းတစ်ကြောင်းထဲက စကားလုံးတစ်လုံးကို ဖတ်နေရတာ။ စကားလုံးရဲ့ အနှစ်သာရဟာ စာအုပ်အပြင်အဆင်ပေါ် မမှီခိုဘူး။ အဲဒီလိုပဲ စာသင်ကြားခြင်းရဲ့ အနှစ်သာရဟာလည်း အဆောက်အဦ Design ပေါ် မမှီခိုဘူး။

ကွင်းပြင်ထဲမှာ ပဲ သင်သင်၊ သစ်ပင်အောက်မှာ ပဲ သင်သင် သင်ကြားသူ ဆရာရဲ့ စိတ်အားထက်သန်မှုရယ်၊ အသင်ခံတပည့်ရဲ့ စိတ်ဝင်စားမှုရယ်ပေါင်းစပ်မှ သာ အောင်မြင်တဲ့ သင်ကြားမှုတစ်ခုဖြစ်မယ်။ အဲဒီသဘောကို နားလည်စေချင်လို့ အရိပ်ကောင်းတဲ့ သစ်ပင်တန်းအော

က်မှာ စာသွားသင်တာ"

"ဒါဆို စာသင်ကျောင်းကြီးက အပိုပေါ့"

"အဲ့လိုတော့ စကားမကပ်နဲ့ လေ အစ်ကိုရယ်၊ အဓိကနဲ့ သာမညကိုခွဲခြားပြချင်ရုံပါ။ သင်ကြားမှုတစ်ခုမှာ ဆရာနဲ့ တပည့်က အဓိကလို့ ဆိုလိုချင်တာ"

"အေးကွာ ငါ့ညီကို ကိုယ် ယုံကြည်လိုက်ပြီ။ မင်းရဲ့ ဝါသနာနဲ့ စေတနာကိုလည်း ကိုယ်မြင်ပြီ။ ငါ့ညီက အတွေးအခေါ်ကောင်းမယ် ထင်တယ်။ ကိုယ်မေးတာလေး စဉ်းစားပြီး ဖြေကြည့်ပါလား"

"ဟုတ် အစ်ကို"

"ဆရာအလုပ်မှာ အမျိုးသမီးဆရာက ဘာလို့ အမျိုးသားဆရာထက် ပိုများ နေရတာလဲ"

"ကျွန်တော် စကားကြိုခံမယ်၊ ဒီစကားက gender ခွဲတာ မဟုတ်ဘူးနော်၊ မိန်းမတွေဟာ အုပ်ထိန်းမှုတစ်ခုအောက်မှာ နေရတာကို လုံခြုံတယ်လို့ ယူဆကြပြီး ယောကျ်ားတွေက စည်းတွေနည်းတဲ့ နေရာမှာ နေရတာကိုလွတ်လပ်တယ်လို့ ယူဆကြတယ်။ ဒါကြောင့်လည်း အစိုးရကျောင်းတွေမှာ ဆရာမများ သလောက် အလွတ်သင် ကျူရှင်ပညာရေးမှာ ဆရာတွေက ပိုများ တယ်။

နောက်တစ်ခုက ဆရာအလုပ်ကို တကယ်ဝါသနာပါလို့ ဆိုတာထက် အာမခံရှိတဲ့ အလုပ်တစ်ခု ဂုဏ်ရှိတယ်လို့ ယူဆခံထားရတဲ့ အလုပ်တစ်ခုဆိုပြီး ရွေးချယ်ချင်ကြတယ်။ အဲဒီမေးခွန်းဟာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးရမှာ ၊ ငါဟာ ဆရာတစ်တစ်ယောက်ရဲ့ (အကျိုး) ခံစားခွင့်ကို မက်တာလား၊ (အကြောင်း) ဆောင်ရွက်ခြင်းကို ဝါသနာပါတာလားဆိုတာ။

ဒါ လက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာတိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးရမယ့် မေးခွန်းပဲ"

"ခုနစကားလေး မရှင်းလို့ မေးမယ်။ မိန်းမတွေက အုပ်ထိန်းမှုအောက်မှာ လုံခြုံတယ်ဆိုတဲ့ စကားလေး"

"ဒီလိုပါ အစိုးရကျောင်းမှာ က လုပ်ပိုင်ခွင့်အာဏာပိုရှိတယ်။ နောက်တစ်ချက် ဒီနိုင်ငံအနေအထားအရ မိန်းကလေးတွေက မိမိကိုယ်ကိုယုံကြည်မှုအားနည်းတယ်။ ထပ်ပြောမယ်နော် ကျွန်တော် gender ခွဲတာမဟုတ်ဘူး ။ အမျိုးသမီးဆရာမတစ်ယောက်ဟာ ကျွန်တော့်လို အလွတ်သင်ဖို့ မရဲလောက်သေးဘူး။

အပြင်ကျူရှင်လို နေရာမျိုးမှာ ကျောင်းဆရာမဟန်နဲ့ သွားသင်ရင်မအောင်မြင်ဘူး။ ဟိုမှာ က ဆန်းသစ်ရတယ်၊ သင်ကြားနည်းစနစ်က ကိုယ့်လမ်း ကိုယ်ဖောက်ရတယ်၊ ဟန်မပျက်သင်ရုံနဲ့ မရဘူး။ ဘာကြောင့်လဲဆိုရင် အုပ်ထိန်းမှုတစ်ခု မရှိဘူး။ ကြိုက်သလိုသင်၊ သင်တတ်သလိုသင် result ကိုပဲ ကြည့်တယ်။

အစိုးရကျောင်းမှာ တော့ အတန်းထဲဝင်မယ်၊ စာဖတ်ပြမယ်၊ စာရေးခိုင်းမယ်၊ အိမ်စာပေးမယ်၊ သင်ရိုးပြတ်အောင်သင်မယ်ဆိုရင် ဆရာမတာဝန်ကျေပြီလို့ ယူဆလို့ ရတယ်။ ကျောင်းသားတကယ်တတ်ဖို့ ထက်ကိုယ့်ကိုယ်ကိုယ် ဟန်မပျက်ဖို့ ကြိုးစားနေရတဲ့ ဆရာမတွေမှ အများကြီးပဲ"

"gender မခွဲဘူးဆိုပေမယ့် gender ခွဲလိုက်သလိုပါပဲ"

" မဟုတ်ဘူး ဆရာ အခု ဆရာမဝင်လုပ်နေတဲ့ မိန်းကလေးရဲ့ History background ကို လေ့လာကြည့်ပါ။ တော်တဲ့ လူတွေ ရှိတယ်ဆိုပေမယ့်လိုအပ်ချက် ရှိကြသူတွေလည်း အများကြီးပဲ။ သူ စာဖတ်ဘယ်လော

က် ဝါသနာပါလဲ၊ ဆရာမဆို ရိုးရိုးအေးအေးဆိုတဲ့ စံအလွဲကြီးက ပါသေးတယ်။ တကယ်တော့ ဆရာအလုပ် လုပ်မယ့်သူက active ဖြစ်နေရမယ်၊ လေ့လာအားကောင်းရမယ်။ စာကို မပြတ်ဆည်းပူးနေရမယ်။ ကိုယ့်လက်ထဲမှာ ကျောင်းသားများ စွာရဲ့ ဘဝတွေကို ကိုင်ထားတာ၊ လေ့လာဖတ်ရှုမှု ရပ်တန့်နေတဲ့ ဆရာတွေ အများကြီးပဲ"

"ငါ့ညီပြောသလို လုပ်ရမယ်ဆိုရင် ရတဲ့ လစာနဲ့ တောင် မတန်တော့ဘူး"

"ဟုတ်တယ် မတန်ဘူး၊ ဒါ အစိုးရပိုင်းက ဆရာအပေါ်သတ်မှတ်တဲ့ လိုအပ်ချက်တစ်ခုပဲ။ ဆရာတစ်ယောက်တာဝန် ဘယ်လောက်ကြီးလေးသလဲ။ နိုင်ငံ့အနာဂတ်ကို ကိုင်ထားကြသူတွေပါလားလို့ မမြင်ကြသေးလို့ ဆရာ့လုပ်အားပေါ် အစိုးရမြှပ်နှံမှုက အားနည်းသေးတာ။ ဒါပေမဲ့ ဒါက အစိုးရပိုင်း လိုအပ်ချက်ပဲ။ ကျောင်းသားနဲ့ မဆိုင်ဘူး။

အစိုးရကို စိတ်ကွက်ပြီး ကျောင်းသားကို နစ်နာစေရမလား။ ကျွန်တော်ငြင်းတယ်။ ကျွန်တော်တို့ နိုင်ငံ တိုးတက်ဖို့ ဆို ကျွန်တော်တို့ အစ်ကိုတို့ မျိုးဆက်က အနစ်နာခံရမယ့်မျိုးဆက်ပဲ။ ကြီးကြီးကျယ်ကျယ်ပြောရင် ဒါကိုသမိုင်းပေးတာဝန်လို့ ခေါ်လို့ ရတယ်။

ဥပမာ ဗိုလ်ချုပ်အောင်ဆန်းတို့ မျိုးဆက်ဆို လွတ်လပ်ရေးယူပေးဖို့ သမိုင်းက တာဝန်ပေးခံထားရတဲ့ မျိုးဆက်တွေ"

ကျောင်းအုပ်ကြီးက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး

"ကိုယ် ပြောင်းလဲချင်သွားပြီ၊ မနက်ဖြန် အပြုသဘောဆောင်မယ့်အစည်းအဝေးတစ်ခု ကိုယ်လုပ်မယ်။ ညီတို့ ကိုလည်း မပျက်မကွက် တက်စေချင်တယ် ဘယ်အချိန်လုပ်ရမလဲ"

"စာသင်ချိန်လုပ်ရင် ကျောင်းသားတွေ နစ်နာပြီး စာသင်ချိန်ပြင်ပဆို ဆရာတွေ နစ်နာတယ်။ ကျွန်တော်တို့ ကျောင်းသားဘ၀ကဆို ဆရာတွေအစည်းဝေးလုပ်ရင် သိပ်ပျော်တာ။ စာသင်ချိန်တွေ ကင်းလွတ်ခွင့်ရလို့ ။ အကယ်၍ သာ ဆရာတိုင်းက ကိုယ်ဝင်ရမယ့်အတန်းကိုသာဝင်ဖို့ စိတ်ဆန္ဒပြင်းပြနေရင် စာသင်ချိန်ပြီးမှ အစည်းအဝေးလုပ်တာ ပိုကောင်းတယ်။စစ်ဘက်က စကားတစ်ခွန်းရှိတယ်။ ကြီးကြပ်ကွပ်ကဲမှု အနည်းဆုံးလိုအပ်ခြင်းဟာ အကောင်းဆုံးအုပ်ချုပ်မှုပဲတဲ့ ။ ကျောင်းအစည်းအဝေးဆိုတာ တတ်နိုင်သလောက် မလုပ်တာ ကောင်းတယ်"

" မဟုတ်ဘူး ညီ ... ကိုယ်က ကျောင်းအုပ်ကြီးအနေနဲ့ ဆိုတာထက် လုပ်ဖော်ကိုင်ဖက်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းချင်တဲ့ စိတ်နဲ့ စုဝေးစကား ပြောချင်တာ။ ဒီလိုလုပ်မယ် လာမယ့်ပိတ်ရက်မှာ ကိုယ့်အိမ်မှာ အလှူတစ်ခုလုပ်မယ်၊ မိတ်ဆုံစားပွဲဆန်ဆန်ပေါ့ကွာ၊ အဲဒီမှာ ကျောင်းရဲ့ လိုအပ်ချက်တွေကိုကိုယ် ဆရာ ဆရာမတွေဆီက အကြံပြုန်တောင်းမယ် "

ကျွန်တော် ကျောင်းအုပ်ကြီးကို လေးစားကြည်ညိုစွာ ကြည့်လိုက်မိသည် ။

"အစ်ကို့ရဲ့ မာန်နည်းပါးမှုနဲ့ စိတ်ရှည်ပေးမှုအပေါ် လေးလည်း လေးစားပါတယ် ကျေးဇူးလည်း တင်ပါတယ်။ အစ်ကို့လို ကျောင်းအုပ်လက်အောက်မှာ စာသင်ခွင့်ရတာကိုလည်း ကျွန်တော် သိပ်ကျေနပ်တယ်။ ဒီကျောင်းက ကျောင်းသားလေးတွေဟာ ကျွန်တော်တို့ ကောက်ပြီး လွှတ်ပေးရမယ့်ကြယ်ငါးလေးတွေပါ။ နိမ့်ကျနေဆဲ မြန်မာ့ပညာရေးအတွက် ကျွန်တော်တို့ ဆရာတွေကမှ စမပြောင်းလဲရဲရင် ဘယ်သူတွေက စကြမှာ မို့လို့ လဲ"

ကျောင်းအုပ်ကြီးကို လက်အုပ်ချီကန်တော့ပြီး ကျွန်တော် ထွက်လာခဲ့သည် ။ တကယ့်ကို ရိုကျိုးလေးစားမှုစစ်စစ်နဲ့ ပါ။ ကျွန်တော်က ကျွန်တော့်တပည့်လေးတွေကို လွတ်လပ်စွာ စာသင်ကြားခွင့်ကလွဲရင် ဘာကိုမှ မမက်တဲ့ ဆရာတစ်ယောက်ပေါ့။

***